ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၉ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

**တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခံထားရသူများကို ကိုဗစ် - ၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိ၍ ချုပ်ရက်များရှည်ကြာနေသောကြောင့် ၎င်းတို့၏အခွင့်အရေး မဆုံးရှုံးစေရန် ထောက်ထားညှာတာ၍လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အမိန့်အမှတ် ၁၄၇/၂၀၂၁ နှင့် ၁၇၂/၂၀၂၁ တို့ကို ထုတ်ပြန်၍ ယင်းအမိန့်များပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို သက်ညှာစွာဖြင့် အမှုများပိတ်သိမ်းပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့်တရားရုံးများတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများကို မှန်ကန်၊ မြန်ဆန်ပြီး တရားမျှတစွာစစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တရားစွဲဆိုခံထားရသူများ၏ အခွင့်အရေးမဆုံးရှုံးစေရေးတို့အတွက် " **တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း<br>အဖွဲ့ဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင်ဆွေဝင်း<br>အတွင်းရေးမှူး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ဦးကိုကိုနိုင်<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (င) | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ရဲဗိုလ်ချုပ် အောင်နိုင်သူ<br>ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ရဲမှူးချုပ်ကျော်လင်း<br>ဌာနကြီးမှူး<br>မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်ချုပ် တိုးရီ<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍ အလိုက် ဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက အဖွဲ့ဝင် အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာ ပြီးပြတ်အောင်ဆောင်ရွက်ရန်ဖြစ်သည်။

၃။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) တရားရုံးများရုံးချိန်းအတွင်းအပြည့်အဝရုံးထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊

(ခ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

(ဂ) တရားရုံးကဆင့်ဆိုသည့် **သ**က်သေများရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးက ထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျအတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့ တင်ပို့ရန် ကြပ်မတ်ခြင်း၊

(င) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(စ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါကညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘော သက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏စစ်ဆေးစီရင်ခြင်းကို မထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း။

၄။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ **တစ်**လတ**စ်**ကြိမ်တင်ပြရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၈-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/ ၂၀၂၁၊ ၂၀-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/ ၂၀၂၂ နှင့် ၁၂-၈-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၁/၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး